**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**၆၇ ရက်မြောက်နေ့ အစီအစဉ်**

**[ ၁၉–၆–၂၀၁၅ ] ( သောကြာနေ့ )**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၇ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးလှမြင့်ဦး၊ ပျဉ်းမနား မဲဆန္ဒနယ်၏ **တည်ဆဲ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေအား စိစစ်၊ ပြင်ဆင်၊ အဆိုပြုရေးကိစ္စကို အမြန်ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်ချက် တိုးတက်မှု အခြေအနေကို ပြန်ကြားပေးပါရန်နှင့် မည်သည့် အခက်အခဲ ရှိနေသည်ကို အသိပေးပြန်ကြားပေးပါရန်** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအေးမောက်၊ မလှိုင် မဲဆန္ဒနယ်၏ **ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက် အခန်း(၁)ပုဒ်မ ၂၁(က)၊ ပုဒ်မ ၃၆(ဃ)၊ ပုဒ်မ ၃၇(ဂ) အရလည်းကောင်း၊ ပုဒ်မ ၃၅၆၊ ပုဒ်မ ၄၄၅ အရလည်းကောင်း သက်ဆိုင်ရာ အစိုးရထံမှ ထုတ်ပေးသော ပုံစံ(၃)အရ ပြည်သူပိုင်သိမ်း ထားသည့် တိုက်ခန်းများကို ပိုင်ရှင်လက်ဝယ်သို့ ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်ခင်ဌေးကြွယ်၊ မော်လမြိုင် မဲဆန္ဒနယ်၏ **မော်လမြိုင်နှင့် ချောင်းဆုံမြို့နယ်၊ နတ်မှော်ဆိပ်ကမ်းနှင့် မော်လမြိုင် ကလို ဆိပ်ကမ်းသို့ ပြေးဆွဲနေသော ရေကြောင်းပို့ဆောင်ရေး စက်ရေယာဉ် ပြေးဆွဲမှု ရပ်ဆိုင်းထားခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **" ရှေးဟောင်း ဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၇ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၆၈ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။